ပုံစံ(၁၁)

ခုံသမာဓိကောင်စီ

ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ၂၃(စ) }

ခုံအဖွဲ့

၂၀၂၂ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ် (၁၄/၂၀၂၂)

| | |
|---|---|
| ဦးအောင်ခင်စိုး ပါ အလုပ်သမား(၄၁)ဦး<br>PEACE Myanmar Group Co.,Ltd.<br>(အရက်ချက်စက်ရုံ)၊ ဇီးကုန်းရပ်ကွက်၊<br>ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ | လျှောက်ထားသူ |
| နှင့် | |
| ဦးသိန်းဝင်း (အလုပ်ရှင်)<br>PEACE Myanmar Group Co.,Ltd.<br>ဦးဝင်းမြင့် (AGM) (အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)<br>(အရက်ချက်စက်ရုံ)၊ အမှတ်(၄၂-၆၃/၆၄)၊<br>စက်မှု(၁)လမ်း၊ စက်မှုဇုန် (၁)<br>ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၂၂ခုနှစ်၊ ဧပြီလ ၂၀ ရက်

ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဇီးကုန်းရပ်ကွက်နေ PEACE Myanmar Group Co.,Ltd.(အရက်ချက်စက်ရုံ)၏ အလုပ်သမားများဖြစ်ကြသော ဦးအောင်ခင်စိုး ပါ အလုပ်သမား (၄၁)ဦး နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန်(၁)၊ စက်မှု (၁) လမ်း၊ အမှတ်(၄၂-၆၃/၆၄)ရှိ ဦးသိန်းဝင်း (အလုပ်ရှင်)၊ PEACE Myanmar Group Co., Ltd. (အရက်ချက်စက်ရုံ) တို့အကြား ဖြစ်ပွားသော အငြင်းပွားမှုကို ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားခဲ့ရာ ရွှေပြည်သာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က ၇-၂-၂၀၂၂ ရက်နေ့နှင့် ၁၄-၂-၂၀၂၂ ရက်နေ့တို့တွင် ဖြေရှင်းပေးခဲ့ပြီး ၁၆-၂-၂၀၂၂ ရက်စွဲပါ အငြင်းပွားမှုအမှတ် (၂/၂၀၂၂) ဖြင့် ဖြေရှင်းပေးသော်လည်း မှတ်တမ်းများနှင့် ထွက်ဆိုချက်များအရ ပြေလည်မှုမရ၍ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့သို့ နည်းဥပဒေ၂(ခ)အရ အကျိုးစီးပွား ဆိုင်ရာ အငြင်းပွားမှုအစီရင်ခံစာအဖြစ် တင်ပြခဲ့ကြောင်း တွေ့ရှိရသည်။ ၂၀၂၂ခုနှစ်၊

အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ၏ ပုဒ်မ ၂၈၌ ပြဋ္ဌာန်းထားသော မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုလုပ်ငန်းနှင့် သက်ဆိုင်သည့် ဆုံးဖြတ်ချက် မှတစ်ပါး ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်ပါကပုဒ်မ ၂၈(က) ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူတစ်ဖက်ဖက်မှ လျှောက်ထားခြင်းဟူသော ပြဋ္ဌာန်းချက်အရ အလုပ်သမားက အယူခံတင်ပြလာခြင်းဖြစ်ကြောင်း တွေ့ရသည်။

၂။ ရွှေပြည်သာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ အစီရင်ခံစာ တင်ပြချက်အရ နည်းဥပဒေ ၁၇(ဃ)အရ ဖွဲ့စည်းထားသော ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ၃၀-၃-၂၀၂၂ ရက်စွဲပါ အငြင်းပွားမှုအမှတ် (၁၂/၂၀၂၂)ဖြင့် ကောက်ချက်(၁)ချက်နှင့် ဆုံးဖြတ်ချက်(၁)ချက်ကို ချမှတ်ခဲ့ကြောင်းတွေ့ရှိရသည်။ ဤအငြင်းပွားမှုသည် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် ကျေနပ်မှုမရှိသည့် တောင်းဆိုသူ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဖီးကုန်းရပ်ကွက်နေ PEACE Myanmar Group Co.,Ltd.(အရက်ချက်စက်ရုံ)၏ အလုပ်သမားများဖြစ်ကြသော ဦးအောင်ခင်စိုး၊ ဦးကျော်မင်းဖြိုး၊ ဒေါ်ခင်စန်းတင်တို့က အလုပ်သမား(၄၁)ဦးကိုယ်စား ကိုယ်စားလှယ်လွှဲကြောင်း လက်မှတ်အသီးသီး ရေးထိုးလျက် ခုံသမာဓိကောင်စီသို့ နည်းဥပဒေ ၁၉ အရ ပုံစံ- ၁၀ ဖြင့် ၄-၄-၂၀၂၂ ရက်စွဲဖြင့် အယူခံစာ တင်ပြလာရာတွင်-

(က) တောင်းဆိုသူ PEACE Myanmar Group Co.,Ltd. (အရက်ချက်စက်ရုံ) အလုပ်သမားများဖြစ်သည့် ဦးအောင်ခင်စိုး၊ ဦးကျော်မင်းဖြိုး၊ ဒေါ်ခင်စန်းတင်တို့က အလုပ်သမား(၄၁)ဦးတို့ကိုယ်စား ကိုယ်စားလှယ်လွှဲအပ်စာဖြင့် တင်ပြလာရာ၌ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ရက်မှန်ကြေးကိစ္စဆုံးဖြတ်ပေးရန် တာဝန်မရှိကြောင်း ပြောကြားပြီး၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနကလည်း ၎င်းတို့နှင့်သက်ဆိုင်မှုမရှိကြောင်း ဦးစီးမှူး၏စာကိုလည်း တင်ပြထားပါကြောင်း၊

(ခ) အလုပ်ရှင်အလုပ်သမားတို့၏ အငြင်းပွားမှုနှင့်ပတ်သက်၍ ခုံသမာဓိကောင်စီ၏ ဆုံးဖြတ်ချက်သည် နောက်ဆုံးအတည်ဖြစ်ကြောင်း၊ လက်ရှိဝန်ထမ်းအင်အားများမှာလည်း ယခင်ဝန်ထမ်းအင်အားလျှော့ချထားခြင်းကြောင့် အလုပ်ကို ဦးအောင်ခင်စိုး ပါ အလုပ်သမား (၄၁)ဦးတို့က ပိုမိုလုပ်ကိုင်ရပြီး ရက်မှန်သော်လည်း ရက်မှန်ကြေး ခံစားခွင့်မရကြောင်း၊ မည်သည့်ခံစားခွင့်မျှပိုမိုမရဘဲ၊ ရရှိပြီး၊ ခံစားပြီး ခံစားခွင့်များသာ ဆုံးရှုံးမှုဖြစ်ပေါ်နေပါကြောင်း၊

(ဂ) ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ၃၀-၃-၂၀၂၂ ရက်စွဲပါ အငြင်းပွားမှုအမှတ်(၁၂/၂၀၂၂)ဖြင့် ဆုံးဖြတ်ချက်သည် အလွန်ရှက်စရာကောင်းကြောင်း၊ ခုံသမာဓိကောင်စီမှ အမှန်ကန်ဆုံး သုံးသပ်ဆုံးဖြတ်ပေးပါရန်ဖြစ်ကြောင်း၊

၃။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ၃၀-၃-၂၀၂၂ ရက်စွဲပါ အငြင်းပွားမှုအမှတ်(၁၂/၂၀၂၂)ဖြင့် ဆုံးဖြတ်ချက်ဖြင့် ကြားနာစစ်ဆေးပြီး ကောက်ချက်(၁)ချက်နှင့် ဆုံးဖြတ်ချက်(၁)ချက်တို့ကို ချမှတ်ခဲ့ရာ-

ကောက်ချက်။ တောင်းဆိုသူ ဦးအောင်ခင်စိုး ပါ အလုပ်သမား(၄၁)ဦးတို့အား ရက်မှန်ကြေးပေးရန် သင့်/မသင့်။

ဆုံးဖြတ်ချက်။ တောင်းဆိုသူ ဦးအောင်ခင်စိုး ပါ အလုပ်သမား(၄၁)ဦးတို့၏ ရက်မှန်ကြေးပေးရန် တောင်းဆိုမှုအားပယ်ကြောင်း ဆုံးဖြတ်သည်။

၄။ သို့ဖြစ်ပါ၍ နည်းဥပဒေ၁၇(ဃ)အရ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ၃၀-၃-၂၀၂၂ ရက်စွဲပါ အငြင်းပွားမှုအမှတ်(၁၂/၂၀၂၂)ဖြင့် ကြားနာစစ်ဆေးပြီး ကောက်ချက်(၁)ချက်နှင့် ဆုံးဖြတ်ချက် (၁)ချက် ချမှတ်ခဲ့အပေါ် ကျေနပ်မှုမရှိသဖြင့် တောင်းဆိုသူ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဇီးကုန်းရပ်ကွက်နေ PEACE Myanmar Group Co.,Ltd. (အရက်ချက်စက်ရုံ)၏ အလုပ်သမားများ ဖြစ်ကြသော ဦးအောင်ခင်စိုး ပါ အလုပ်သမား(၄၁)ဦးတို့၏ အငြင်းပွားမှုအား ခုံသမာဓိကောင်စီ၏ ၂၀၂၂ခု နှစ်၊ ဧပြီလ (၇) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၂၂)ဖြင့် ခုံသမာဓိကောင်စီ၏ အမှုအမှတ် (၁၄/၂၀၂၂)အား ကြားနာစစ်ဆေးရန် ဥက္ကဋ္ဌ ဒေါ်စန်းစန်း (ဝန်ကြီးဌာနကိုယ်စားလှယ်)၊ အဖွဲ့ဝင် ဒေါ်မြတ်မြတ်ကျော် (အလုပ်ရှင်ကိုယ်စားလှယ်)နှင့် အဖွဲ့ဝင် ဦးတင်ထွန်း (အလုပ်သမားကိုယ်စားလှယ်) တို့ပါဝင်သော ခုံအဖွဲ့ကို နည်း ဥပဒေ၂၂ (ခ)အရ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၅။ ခုံသမာဓိကောင်စီ၏ ခုံအဖွဲ့သည် ၂၀၂၂ခုနှစ်၊ ဧပြီလ(၇) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၂၂)အမှုကို လက်ခံပြီး၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့နှင့် ခုံသမာဓိအဖွဲ့တို့၏ မှတ်တမ်းများ၊ အလုပ်ရှင်နှင့်အလုပ်သမားတို့အား နှစ်ဖက်လူတွေ့စစ်ဆေးခံချက်များ၊ ထွက်ဆိုချက်များ၊ ရွှေပြည်သာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ရုံး၏ ဆင့်ဆိုစာနှင့် အထောက်အထားတောင်းခံစာ အရလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ နည်းဥပဒေ၅(ဂ)အရ တောင်းဆိုလွှာ နှင့် ချေပလွှာပေးပို့ရန် ဆင့်ဆိုစာနှင့်တင်ပြလိုသော အထောက်အထားစာရွက်စာတမ်းများအရ လည်းကောင်း၊ ခုံသမာဓိကောင်စီ၏ ဆင့်ဆိုစာအရတောင်းခံထားသည့် အထောက်အထား စာရွက်စာတမ်းများအရလည်းကောင်း၊ အဖွဲ့အစည်းအသီးသီးမှ တောင်းခံထားသည့် အထောက်အထားများနှင့် တင်ပြလာသောစာရွက်စာတမ်းများအပေါ် အခြေပြု၍ တောင်းဆိုသူ ရန်ကုန်တိုင်း

ဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဖီးကုန်းရပ်ကွက်နေ PEACE Myanmar Group Co.,Ltd. (အရက်ချက်စက်ရုံ) ၏ အလုပ်သမားများ ဖြစ်ကြသော ဦးအောင်ခင်စိုး ပါ အလုပ်သမား(၄၁)ဦး တို့၏ အငြင်းပွားမှုအား အလုပ်သမားတို့က ကျေနပ်မှုမရှိဟုဆိုသည့် ဆုံးဖြတ်ချက် (၁) ချက်ကို ခုံသမာဓိကောင်စီ၏ လုပ်ထုံးလုပ်နည်းအရ အောက်ပါကောက်ချက် (၁) ချက်အဖြစ် သတ်မှတ်၍ ဆုံးဖြတ်လိုက်သည်-

ကောက်ချက်။ ဦးအောင်ခင်စိုး ပါ အလုပ်သမား(၄၁)ဦးတို့အား ရက်မှန်ကြေးပေးရန် တောင်းဆိုမှုအား ပယ်ကြောင်းဆုံးဖြတ်ရန် သင့်/မသင့်။

၆။ သို့ဖြစ်၍ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့ကအမှုကြောင်းချင်းရာကိုဖတ်ရှုဆန်းစစ်ပြီးအောက်ပါ သုံးသပ်ချက်များရရှိသည်-

သုံးသပ်ချက်အမှတ်(၁)

(က) ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ၁၀-၃-၂၀၂၂ ရက်စွဲပါ အငြင်းပွားမှုအမှတ် (၁၂/၂၀၂၁)ဖြင့် ကြားနာစစ်ဆေးပြီး တောင်းဆိုမှုအားပယ်ကြောင်း ဆုံးဖြတ်ချက် (၁)ချက် ချမှတ်ခဲ့ခြင်းအား ခုံအဖွဲ့ကဆုံးဖြတ်ရန် သင့်/ မသင့်ဆန်းစစ်ရာ အလုပ်ရှင်နှင့် အလုပ်သမားအကြားဖြစ်ပွားသည့် အငြင်းပွားမှုများကိုဖြေရှင်းရာတွင် ၃-၆-၂၀၁၉ ရက်စွဲပါ ပြည်ထောင်စုလွှတ်တော်က ပြဌာန်းလိုက်သည့် ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေအရ အလုပ်သမားအား အလုပ်မှ ရပ်စဲသည်၊ အလုပ်ပြန်လည်ခန့်ထားသည်ဆိုသော အမှုသည် အကျိုးစီးပွားဆိုင်ရာ အငြင်းပွားမှုအဖြစ် သတ်မှတ်၍ ခုံသမာဓိကောင်စီသို့ ရောက်ရှိလာကြောင်း တွေ့ရှိရသည်။ ခုံသမာဓိကောင်စီ၏ သတ်မှတ်ထားသော ပြဌာန်းချက်များအရ ရွှေပြည်သာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ထံ စတင်တိုင်ကြားသော မူလအကြောင်းအရာချက်များနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်များတို့အပေါ် အခြေခံ၍ဆုံးဖြတ်မည်ဖြစ်သည်။

(ခ) ဥပဒေ၏ ရည်ရွယ်ချက်ဖြစ်သည့် အလုပ်သမားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်လည်းကောင်း၊ အလုပ်ရှင်နှင့်အလုပ်သမားများအကြား ဆက်ဆံရေးကောင်းမွန်ပြီး လုပ်ငန်းခွင် အေးချမ်းသာယာစေရန်လည်းကောင်း၊ အလုပ်ရှင်နှင့် အလုပ်သမား အငြင်းပွားမှုအား တရားမျှတစွာ ဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် ရပိုင်ခွင့်များကို မျှတ (equal chance) မှန်ကန်စွာနှင့်မြန်ဆန်စွာ ရရှိခံစားနိုင်စေရန်လည်းကောင်း ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဌာန်းလိုက်သည်ဟူသောအချက်ကို အခြေပြု ဆုံးဖြတ်ရခြင်းဖြစ်ရာ အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိကောင်စီ လုပ်ထုံးလုပ်နည်းများ၊ ခုံသမာဓိ

အဖွဲ့က ချမှတ်ထားသည့် လုပ်ငန်းအစီစဉ်များအပိုဒ် ၅ (စ)တွင် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွတ်လပ်တရားမျှတစွာ ကြားနာစစ်ဆေးဆုံးဖြတ်ရသဖြင့် တရားမကျင့်ထုံးဥပဒေကိုဖြစ်စေ၊ သက်သေခံအက်ဥပဒေကိုဖြစ်စေ၊ အတိအကျလိုက်နာရန်မလို။ သို့သော် တရားမျှတစွာ (Justice and equal manner) ဆောင်ရွက်ရမည်ဆိုသော လုပ်ထုံးလုပ်နည်းကိုလည်း ခုံသမာဓိကောင်စီ၏ ခုံအဖွဲ့က သတိပြုဆောင်ရွက်သည်။

သုံးသပ်ချက်အမှတ်(၂)

(က) ခုံသမာဓိကောင်စီ၏ ခုံအဖွဲ့က ၂၀၁၂ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၃(က)အရ "သက်ဆိုင်ရာအငြင်းပွားသူများကိုကောင်စီရှေ့မှောက်ခေါ်ယူ၍ ကြားနာလိုက ကြားနာစစ်ဆေးခြင်းသို့မဟုတ် ကြားနာစစ်ဆေးခြင်းမပြုဘဲ အငြင်းပွားမှုကို ဆုံးဖြတ်နိုင်သည်"ဟူသော ပြဋ္ဌာန်းချက်အရ Coronavirus Diseases (COVID -19) Pandemic ကာလ၌ Social Distancing နှင့် အလုပ်ရှင်အလုပ်သမားအငြင်းပွားမှုကို ဆုံးဖြတ်ပေးခဲ့ကြသည်။

(ခ) ခုံသမာဓိကောင်စီ၏ ခုံအဖွဲ့က အလုပ်ရှင်နှင့်အလုပ်သမားတို့၏ တင်ပြစာများအရ မည်သည့်အတွက် ရက်မှန်ကြေးမပေးဖြစ်တော့သည်ကို အမှုတွဲမှ လေ့လာရာ အလုပ်ရှင်က-

(၁) အလုပ်ရှင်က လုပ်ငန်းများအောင်မြင်သည့် အရောင်းအဝယ်ကောင်းပြီး၊ ငွေကြေး စီးဆင်းမှုအဆင်ပြေသောကာလများတွင် ရက်မှန်ကြေး ထောက်ပံ့ပြီး (COVID-19)ကပ်ရောဂါ ရက်ရှည်ကြာခဲ့ပြီး ဈေးဆိုင်များမဖွင့်ခြင်း၊ အရောင်းသမားများက နယ်ကျော်သွားလာမှု ခက်ခဲလာခြင်းနှင့်ငွေကြေး စီးဆင်းမှုအခက်ခဲများကြောင့် ရက်မှန်ကြေးရသောကုမ္ပဏီဝန်ထမ်းများအားလုံးကို ၂၀၂၀ခုနှစ်၊ စက်တင်ဘာလမှစ၍ ရက်မှန်ကြေးမထောက်ပံ့နိုင်တော့ကြောင်း၊ ၂၀၂၁ခုနှစ်၊ ဇန်နဝါရီလမှစ၍ အလုပ်တက်ရက်မှန်ကြေး ပြန်လည်ပေးနိုင်ရန် ကြိုးစားသော်လည်း ဇန်နဝါရီလ တစ်လသာ ပေးနိုင်ခဲ့ပြီး ဖေဖော်ဝါရီလမှစ၍ ယနေ့အထိတိုင် ပေးနိုင်ခြင်းမရှိတော့ပါကြောင်း၊

(၂) ကုန်ပစ္စည်းရောင်းချမှု အခက်အခဲများကြောင့် ထုတ်လုပ်မှု အားလျော့ချခဲ့ရကြောင်း၊ အချို့သောကာလများတွင် စက်ရုံအားလုံးပိတ်၍ ရပ်နားခဲ့ရကြောင်း၊ (COVID-19)ကပ်ရောဂါ ပြင်းထန်သည့် (July 2021) မှ (August 2021) အတွင်းပိတ်ရက်များ ပိုမိုများပြားသော်လည်း ဝန်ထမ်းများအား

လစာပြည့်ထုတ်ပေးခဲ့ကြောင်း၊ (Sept 2021)လတွင် စက်ရုံအား လုံး၀ (လုံး၀) ပိတ်ထားရခဲ့ပြီး၊ အလုပ်သမားဝန်ထမ်းများအားလစာ၏ (50%) ကို ခံစားခွင့်ပြုခဲ့ပါကြောင်း၊

(၃) (October 2021 ) လတွင် ကုမ္ပဏီ၏ သတ်မှတ်လစာ %အား ဝန်ထမ်းအချို့မှ လက်မခံဘဲ(October 2021)မှ(December 2021 )အထိ လစာ(200,000) ကျပ်အောက် ဝန်ထမ်းများအတွက် အခြေခံလစာပြည့်၏ (80%)ပေးရန်နှင့် လစာ(200,000) ကျပ်အထက် (300,000)အောက် အလုပ်သမား ဝန်ထမ်းများအတွက်(75%) ပေးရန် (၄င်းလများတွင်အလုပ်ဆင်းရက် (15) ရက်သတ်မှတ်သည်)ဟု အလုပ်သမားဝန်ထမ်းများက တောင်းဆိုမှုအပေါ်(WCC)နှင့် ညှိနှိုင်းသဘောတူခဲ့ပြီး၊ ၂၀၂၂ခုနှစ်၊ ဇန်နဝါရီလမှစ၍ အခြေခံလစာပြည့်+ရက်မှန်ကြေး (10%) အပြည့်ပေးရန်နှင့် မပေးနိုင်ပါက စာချုပ်ပါဥပဒေအတိုင်း ဆောင်ရွက်ပေးရန် တောင်းဆိုမှုအားကာလဝေးကွာသေးသည့်အတွက် အာမခံချက်မပေးခဲ့ပါကြောင်း၊

(၄) ယခုကာလတွင် အရောင်းအဝယ်မကောင်းသော်လည်း အလုပ်သမားဝန်ထမ်းများ စားဝတ်နေရေးအဆင်ပြေစေရန်အခြေခံလစာ ၏ (100%) ခံစားခွင့်ပေးထားပြီး၊ ၂၀၂၁ခုနှစ်၊ ဒီဇင်ဘာ (၂၉)ရက် တွင် ရက်သတ္တပတ်တစ်ပတ်လျှင် (၅) ရက်(Monday to Friday) အလုပ်လုပ်ရပါက လစာပြည့်ပေးချေမည်ဖြစ်ပြီး၊ ရက်သတ္တပတ် တစ်ပတ်လျှင် (၆)ရက်(Monday to Saturday)အ လုပ် လုပ်ရသည့်အချိန်တွင် (ထောက်ပံ့ကြေး၊ အပိုဆုကြေး) အဖြစ်(10%)ကို ခံစားရရှိမည်ဖြစ်ကြောင်း သတ်မှတ်ညွှန်ကြားချက်ထုတ်ပြန်ထားပြီးလည်း ဖြစ်ပါကြောင်း၊ တစ်ပတ်လျှင် (တနင်္လာနေ့မှ သောကြာနေ့အထိ(၅) ရက်အား တစ်ရက်လျှင် အလုပ်ချိန် (၇နာရီ၂၀မိနစ်)သာ အလုပ်ဆင်းရပြီး၊ တစ်ပတ်လျှင်(၃၆.၆၆၆) နာရီသာအလုပ်လုပ်စေပြီး၊ ဝန်ထမ်းများ အလုပ်ခွင်တည်မြဲရေးအတွက် ကြိုးစားရုန်းကန်နေရချိန် ဖြစ်သည့်အတွက် ၄င်းတို့ တောင်းဆိုသော အလုပ်တက်ရက်မှန်ကြေးအားချီးမြှင့်မပေးနိုင် ပါကြောင်း၊

(ဂ) အလုပ်သမားများ၏ တင်ပြစာတွင် အောက်ပါအချက်များတွေ့ရသည်-

(၁) PEACE Myanmar Group Co.,Ltd.(အရက်ချက်စက်ရုံ) အလုပ်သမားများဖြစ်သည့် ဦးအောင်ခင်စိုး၊ ဦးကျော်မင်းဖြိုး၊ ဒေါ်ခင်စန်းတင်တို့က

အလုပ်သမား(၄၁)ဦးတို့၏ ကိုယ်စားကိုယ်စားလှယ်လွှဲစာဖြင့် တင်ပြစာ၌ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ရက်မှန်ကြေးကိစ္စ ဆုံးဖြတ်ပေးရန် တာ ဝန်မရှိကြောင်း ပြောကြားပြီး၊ အလုပ်ရှင်နှင့်အလုပ်သမားဥပဒေ စစ်ဆေးရေး ဦးစီးဌာနကလည်း ၎င်းတို့နှင့်သက်ဆိုင်မှုမရှိကြောင်း ဦးစီးမှူး၏စာကိုလည်း တင်ပြထားပါကြောင်း၊

(၂) အလုပ်ရှင်၊ အလုပ်သမားတို့၏ အငြင်းပွားမှုနှင့်ပတ်သက်၍ ခုံသမာဓိကောင်စီ၏ ဆုံးဖြတ်ချက်သည် နောက်ဆုံးမှီခိုရာဖြစ်ကြောင်း၊ လက်ရှိဝန်ထမ်းအင်အား များမှာလည်း၊ ဝန်ထမ်းအင်အားလျှော့ချထားခြင်းကြောင့် အလုပ်ကို ဦးအောင်ခင်စိုး ပါ အလုပ်သမား (၄၁)ဦးတို့က ပိုမိုလုပ်ကိုင်ရပြီး ရက်မှန် သော်လည်း ရက်မှန်ကြေး ခံစားခွင့်မရကြောင်း၊ မည်သည့်ခံစားခွင့်မျှ ပိုမို မရဘဲ၊ ရရှိပြီး၊ ခံစားပြီး၊ ခံစားခွင့်များသာ ဆုံးရှုံးမှုဖြစ်ပေါ်နေကြောင်း၊

(၃) ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏(၃၀-၃-၂၀၂၂) ရက်စွဲပါ အငြင်းပွား မှုအမှတ်(၁၂/၂၀၂၁)ဖြင့် ဆုံးဖြတ်ချက်သည်အလွန်ရှက်စရာကောင်းကြောင်း၊ ခုံသမာဓိကောင်စီမှ အမှန်ကန်ဆုံး သုံးသပ်ဆုံးဖြတ်ပေးပါရန်ဖြစ်ကြောင်း၊

သုံးသပ်ချက်အမှတ်(၃)

(က) ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ သုံးသပ်ချက်သည် ဥပဒေကြောင်းနှင့် ညီညွတ်မျှတစွာ ဆုံးဖြတ်ထားသည်ကို တွေ့ရှိရသည်။ ပြည်တွင်းဖြစ်ပေါ်နေသော အခြေနေများနှင့် Coronarvirous ရောဂါဖြစ်ပွားနေသောကာလ၊ အလုပ်ရှင်၏ ဆုံးရှုံးမှုများနှင့်အလုပ်သမားများဘက်မှလည်း စားဝတ်နေရေးမပြေလည်ဖြစ်နေမှု များသည်လည်း အရေးကြီးကြောင်းကို ထည့်သွင်းသုံးသပ်ရရှိသည်၊ ခုံသမာဓိ ကောင်စီ၏ ခုံအဖွဲ့က သတိပြုမှတ်သားမိသည်မှာ အလုပ်သမားများက ရန်ကုန် တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့ကရက်မှန်ကြေးကိစ္စဆုံးဖြတ်ပေးရန် တာ ဝန်မရှိကြောင်း ပြောကြားခြင်းနှင့် အလုပ်ရှင်နှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာနက ၎င်းတို့နှင့် သက်ဆိုင်မှုမရှိကြောင်း ဦးစီးမှူး၏စာကို တင်ပြထားကြောင်း ဖော်ပြချက်အရ ခုံသမာဓိကောင်စီ၏ ခုံအဖွဲ့က “ရက်မှန်ကြေး” ဆိုသော ငွေကြေး ရရန်ကိစ္စရပ်သည်ဥပဒေကြောင်းအရ၊ အမှန်တကယ်ရရန် ကိစ္စရပ်ဟုတ်မဟုတ်နှင့် “အခကြေးငွေ”ဆိုသော ဥပဒေပြဋ္ဌာန်းချက် စကားရပ်၌ မည်သို့အကျုံးဝင်သက် ဆိုင်ပြီး၊ အကျိုးခံစားခွင့်ရှိသည်၊ မရှိသည်၊ တောင်းဆိုပိုင်ခွင့်ရှိသည်၊ မရှိ သည်တို့ကို

ဥပဒေပြဋ္ဌာန်းချက်များအရ ခုံသမာဓိကောင်စီ၏ ခုံအဖွဲ့က ရှင်းလင်းရန် လိုအပ်လာပါသည်။

(ခ) ၂၀၁၃ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၂(င) အရ-

(၁) "အခကြေးငွေ" ဆိုသည့်စကားရပ်တွင် အချိန်ပိုလုပ်ခသည်လည်းကောင်း၊ အလုပ်ကောင်းမွန်သဖြင့် သို့မဟုတ် အကျင့်စာရိတ္တကောင်းမွန်သဖြင့် အလုပ်ရှင်မှ အပိုပေးသည့် ဆုကြေးငွေများသည်လည်းကောင်း၊ ဝင်ငွေအဖြစ် သတ်မှတ်နိုင်သော အခြားငွေနှင့် အကျိုးခံစားခွင့်များသည် လည်းကောင်း ပါဝင်ကြောင်း၊ ၂၀၁၃ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၂(င) "အခကြေးငွေ"ဆိုသည့် စကားရပ်မှာပင် တဆက်တည်း ပြဋ္ဌာန်းထားသည်မှာ (သို့ရာတွင် ခရီးစရိတ်၊ လမဖ၊ ပင်စင်လုပ်သက်ဆု၊ နေထိုင်၊ စားသောက်၊ မီးဖိုး၊ ရေဖိုးအခွန်အခ၊ ဆေးကုသစရိတ်၊ အပန်းဖြေခ၊ ဝန်ကြီးဌာနက မသက်ဆိုင်ဟု ထုတ်ပြန်ထားသည့် အခကြေးငွေများ မပါဝင်ဟု လည်းကောင်း၊ ပြဋ္ဌာန်းထားပြန်ရာ ဥပဒေအရ တောင်းဆိုခွင့်ရှိသည့် မိမိ ရပိုင်ခွင့်နှင့်ဥပဒေအရတောင်းဆိုပိုင်ခွင့်မရှိသည့် ရပိုင်ခွင့်မဟုတ်သည်များကိုလည်း သေချာစွာ နားလည်ထားရန်လိုအပ်ကြောင်း ခုံသမာဓိကောင်စီ၏ ခုံအဖွဲ့က ဥပဒေကြောင်းကို သတိပေးလိုပါသည်။

(၂) ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်သာဓကကို အကိုးအကားပြု သုံးသပ်ရရှိသည်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ချမှတ်ခဲ့သည့် ၂၀၁၄ခုနှစ်၊ တရားမ အထွေထွေလျှောက်ထားမှုအမှတ် ၂၂၄ အမိန့်သာဓကတွင် "အလုပ်ရှင်၏ ဆန္ဒသဘောအရ စေတနာအလျောက် xxxx ချီးမြှင့်ထုတ်ပေးသည့် ဆုကြေးငွေမှာ "အလုပ်သမားများရရန်ရှိသည့် လုပ်ခလစာ အပါအဝင် ငွေကြေးခံစားခွင့်များ" ဆိုသည့် စကားရပ်တွင် အကျုံးဝင်ခြင်းမရှိပေ။ အလုပ်ရှင်၏ ဆန္ဒသဘောအရဖြစ်ပါတယ်ဟု ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်သာဓကမှာ ဆုံးဖြတ်ထားပြီးဖြစ်၍ ခုံသမာဓိကောင်စီက ဆုံးဖြတ်ပါက မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့် အာဏာကို ကျော်လွန်၍ ဆုံးဖြတ်ရာရောက်ပေသည်"ဟူသော အမိန့်သာဓကကို ကိုးကား၍ "အခကြေးငွေ" ဆိုသည့် စကားရပ်တွင် အလုပ်ရှင်က အပိုပေးသည့် ဆုကြေးငွေများ ပါဝင်သော်လည်း၊ ဝင်ငွေအဖြစ် သတ်မှတ်

နိုင်ရန်ဖော်ပြထားခြင်းသာဖြစ်သည်။ အလုပ်ရှင်၏ ဆန္ဒသဘောအရ အပိုပေးသည့် ဆုကြေးငွေများ၊ ရက်မှန်ကြေးများ၊ မုန့်ဖိုးများ၊ စေတနာ အလျောက်ပေးသည့်ငွေကြေးများသည် တပြေးညီသတ်မှတ်ပေးရန် ဥပဒေက ပြဋ္ဌာန်းထားခြင်းမရှိပေ။

(၃) သို့ဖြစ်၍ "အခကြေးငွေ"ဆိုသည့်စကားရပ်တွင် အလုပ်ရှင်က အပိုပေးသည့် ဆုကြေး ငွေများပါဝင်သော်လည်း ဝင်ငွေအဖြစ် သတ်မှတ်နိုင်ရန်ဖော်ပြထား ခြင်းသာဖြစ်သည်။ ဆိုလိုသည်မှာ အလုပ်ရပ်စဲမှုနစ်နာကြေး၊ အလုပ်ထုတ်မှု နစ်နာကြေးများ တွက်ချက်သည့်အခါ မူလအကျိုးခံစားခွင့်အောက် ရုတ် လျော့၍ တွက်ချက်ခြင်းမပြုရန်နှင့် အလုပ်သမားရပိုင်ခွင့် မဆုံးရှုံးစေရန် သာဖြစ်၍ သီးခြားတောင်းဆိုရမည့်ဥပဒေပါရပိုင်ခွင့် မဟုတ်ကြောင်း သိရှိ ရန် လိုအပ်ပါသည်။ သို့ဖြစ်၍ အလုပ်ရှင်၏ ဆန္ဒသဘောအရ အပိုပေးသည့် ဘောနပ်(စ်)၊"ရက်မှန်ကြေး"၊ အခြားမုန့်ဖိုးများပါဝင်သည်ဟု ဥပဒေက ပြဆို ထားခြင်းမရှိကြောင်း သဘောပေါက်ရန် လိုအပ်ပါသည်။

(ဂ) သို့ဖြစ်၍ ခုံသမာဓိကောင်စီ၏ ခုံအဖွဲ့က အလုပ်ရှင်က ရက်မှန်ကြေးမပေးခြင်း၊ လစာနှုန်းထား ပြောင်းလဲခြင်းတို့သည် အလုပ်သမားက တောင်းဆိုနေသော စားဝတ်နေရေး မပြေလည်ပါ၊ ကိုဗစ်ကာလ ငွေကြေးကြပ်တည်းမှုရှိပါသည် ဟူသော စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနတိုင်းမှ တောင်းဆိုသကဲ့သို့ ယခု PEACE Myanmar Group Co.,Ltd.(အရက်ချက်စက်ရုံ) အလုပ်သမားများက တောင်းဆိုသည့် အချက်များကို WCC ၌ ဆွေးနွေးအဖြေရှာသဘောတူထားပြီး၊ ဆောင်ရွက် ပေးထားခြင်းဖြစ်ကြောင်း သတိပြုမိသည်။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့၏ အထက် အပိုဒ်ပါ သုံးသပ်ချက်အမှတ် (၂) တွင် အလုပ်ရှင်က(COVID-19) ကပ်ရောဂါ ကာလ တွင် လုပ်သင့်လုပ်ထိုက်သည်များကို တစ်ဆင့်ပြီးတစ်ဆင့် အဆင့်ဆင့်ညှိနှိုင်း ဆောင်ရွက်ခဲ့သည်မှာ အလုပ်သမားနှင့် အလုပ်ရှင်တို့က နှစ်ဖက်သဘော တူညီခဲ့ကြ မှုများဖြစ်ကြောင်း အထူးသတိပြုမိသည်။

(ဃ) တစ်ဖန် နည်းဥပဒေ၃၃(စ)အရ ခုံသမာဓိကောင်စီ၏ ခုံအဖွဲ့က ၂၀၂၂ခုနှစ်၊ အလုပ်ရှင် YJ Company Limited (အထည်ချုပ်စက်ရုံ) က လျှောက်ထားသည့် အငြင်းပွားမှု အမှတ် (၂၄/၂၀၂၂) ဆုံးဖြတ်ချက်သာဓကတွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိ အဖွဲ့၏ ၁၀.၆.၂၀၂၂ ရက်စွဲပါ အငြင်းပွားမှုအမှတ်(၃၃၈/၂၀၂၂)ဖြင့် ရက်မှန်ကြေး နှင့် ကျွမ်းကျင်ကြေးပေးရန် ဆုံးဖြတ်ထားမှုကို ပယ်ဖျက်ကြောင်း ဆုံးဖြတ်ချက်သာဓက

လည်းရှိပြီးဖြစ်ရာ၊ ဦးအောင်ခင်စိုး ပါ အလုပ်သမား (၄၁)ဦးတို့ တောင်းဆိုသော ရက်မှန်ကြေးကို ခုံသမာဓိကောင်စီ၏ ခုံအဖွဲ့က ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ဆုံးဖြတ်ချက်သာဓကများအား ကျော်လွန်ဆုံးဖြတ်ရန်မသင့်၍ ပယ်ဖျက်သင့်ကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ ၃၀-၃-၂၀၂၂ ရက်စွဲပါ အငြင်းပွားမှုအမှတ်(၁၂/၂၀၂၂)ဖြင့် ဆုံးဖြတ်ချက်ကို အတည်ပြုသင့်ကြောင်း သုံးသပ်သည်။

(င) တစ်ဖန် ရက်မှန်ကြေးနှင့်ပတ်သက်၍ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ ၂-၁-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၈)၌လည်း xxxxxxxxxအလုပ်သမားများ ရထိုက်သော လုပ်ခလစာ ဖြစ်ပြီး၊ ရက်မှန်ကြေး၊ ဆုကြေးနှင့်ရှားပါးစရိတ်စသော အပိုထောက်ပံ့ကြေးများကိုမူ အလုပ်ရှင်များက မိမိတို့ လုပ်ငန်းအောင်မြင်မှုနှင့် အကျိုးအမြတ်ပေါ်မူတည်၍ အလုပ်သမားများကို ချီးမြှင့်နိုင်သည်ဟု ညွှန်ကြားချက်သည်လည်း လိုက်နာရမည့် ညွှန်ကြားချက်ဖြစ်၍ သိရှိရန်လိုအပ်ပါသည်။

(စ) ၂၀၁၂ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ၂၃(င) အရ "အငြင်းပွားမှုကို ကြားနာစစ်ဆေးပြီးသည့်အခါတွင်ဖြစ်စေ၊ ကြားနာစစ်ဆေးခြင်း မပြုဘဲအငြင်းပွားမှုကိုဆုံးဖြတ်သည့်အခါတွင်ဖြစ်စေ၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်းသို့မဟုတ် ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်"ဟူသော ပြဋ္ဌာန်းချက်အရ ခုံသမာဓိကောင်စီ၏ ခုံအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ၃၀-၃-၂၀၂၂ ရက်စွဲပါ အငြင်းပွားမှုအမှတ်(၁၂/၂၀၂၂) ဖြင့် ဆုံးဖြတ်ချက်သည် ယနေ့ကိုဗစ်ရောဂါဖြစ်ပွားနေသည့်ကာလ၊ စက်ရုံများ၏ အဖက်ဖက်က အကြပ်အတည်းများနှင့် ရုန်းကန်နေရသောအနေအထား၊ အရှုံးပေါ်နေသည့်အနေအထားများ၊ မီးလောင်ဆုံးရှုံးရသည့်အနေအထားများ၊ ငွေကြေးစီးဆင်းမှုအကြပ်အတည်းများကြောင့် စက်ရုံများ ပိတ်ထားရသည့် အနေအထားများနှင့် ပြည်တွင်းအခြေနေများ ပေါ်ပေါက်နေသည့်ကာလတွင် အလုပ်ရှင်နှင့် အလုပ်သမားအကြား နှစ်ဖက်သင့်လျော်ပြီး လိုက်လျောညီထွေမျှတစွာ ဆုံးဖြတ်ရန် လိုအပ်နေသည့် အချိန်ကာလသက်ရောက်နေကြောင်း သုံးသပ်သည်။

ဆုံးဖြတ်ချက်။ PEACE Myanmar Group Co.,Ltd.(အရက်ချက်စက်ရုံ)နှင့် အလုပ်သမား ဦးအောင်ခင်စိုး ပါ အလုပ်သမား(၄၁)ဦးတို့အကြား ဖြစ်ပွားသော အငြင်းပွားမှုကို ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ၃၀-၃-၂၀၂၂

ရက်စွဲပါ အငြင်းပွားမှုအမှတ်(၁၂/၂၀၂၂)ဖြင့် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်ကို ၂၀၁၂ ခုနှစ်၊အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၃(င) အရ "အငြင်းပွားမှုကို ကြားနာစစ်ဆေးပြီးသည့် အခါတွင်ဖြစ်စေ၊ ကြားနာစစ်ဆေးခြင်း မပြုဘဲအငြင်းပွားမှုကိုဆုံးဖြတ်သည့်အခါတွင်ဖြစ်စေ၊ ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်"ဟူသော ပြဋ္ဌာန်းချက် အရ ခုံသမာဓိကောင်စီ၏ ခုံအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အား နည်းဥပဒေ ၂၃(င)အရ အတည်ပြု ကြောင်း ဆုံးဖြတ်လိုက်သည်။

ဤဆုံးဖြတ်ချက်သည်အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍အာဏာတည်စေရမည်။

| | | |
|---|---|---|
| ဒေါ်မြတ်မြတ်ကျော် | ဒေါ်စန်းစန်း | ဦးတင်ထွန်း |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |